# ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ။

## [၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖေါ်ပြပါ တာဝန်ခံများသည်၊ ၎င်းတို့နှင့်ယှဉ်ပြထားသော အခွန်တော်များမှ ဆက်လက်ယှဉ်တွဲဖေါ်ပြသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ရည်ညွှန်းထားသည့်ဇယားတွင် ဖေါ်ပြထားသည့်အတိုင်း အသီးသီးထုတ်၍၊ ၁၉၆၂ခုနှစ်၊ စက်တဘ်ာလ ၃ဝရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေ အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့်နောက်ဆက်တွဲဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ဘဏ္ဍာတော်ငွေများ။ | ၄၄,၅ဝ,၆၈,၁ဝဝ | နောက်ဆက်တွဲဇယား(က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၈၈,၈၅,၂၁ဝ | နောက်ဆက်တွဲဇယား(ခ)။ |
| ၃ | ကချင်ပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများ။ | ၁ဝ,ဝ၆,၆၆ဝ | နောက်ဆက်တွဲဇယား(ဂ)။ |
| ၄ | ကရင်ပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၁,ဝ၁,၉၈ဝ | နောက်ဆက်တွဲဇယား(ဃ)။ |
| ၅ | ကယားပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ဘဏ္ဍာတော်ငွေများ။ | ၃,၂၉,ဝ၂ဝ | နောက်ဆက်တွဲဇယား(င)။ |

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၁ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၂) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ

ခွဲဝေသုံးစွဲခြင်းထက်ပိုမို၍သော်၎င်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် များအတွက်၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် မူလခွင့် ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းများထက် ပိုမို၍သော်၎င်းနောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေများ (ပထမတွဲ) မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ် သုံးစွဲရန်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ) ရှမ်းပြည်နယ်၏ဘဏ္ဍာတော်ငွေများမှနောက်ထပ်သုံးစွဲရန်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ) ကချင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှနောက်ထပ်သုံးစွဲရန်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ) ကရင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား (င) ကယားပြည်နယ်၏ဘဏ္ဍာတော်ငွေများမှနောက်ထပ်သုံးစွဲရန်စာရင်း

Myanmar Law Information System (MLIS)